**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၇၄ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၃–၇–၂၀၁၅ ] (တနင်္လာနေ့ )**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) သူရဦးအောင်ကို၊ ကန်ပက်လက် မဲဆန္ဒနယ်၏ **ဟန်ပြအတုအယောင် ထုတ်လုပ်နေသော စက်မှုဇုန်ကား လုပ်ငန်းများကို အပြီးအပိုင် ဖျက်သိမ်းပေးနိုင်ခြင်း ရှိ၊ မရှိနှင့် စက်မှုဇုန်ကားများ ခုထုတ်–ခုအပ် အကြိမ်ကြိမ်ပြုလုပ်ပြီး စလစ်ထုတ်ယူ၍ ပြည်ပမှ အဆင့်မြင့်ကား ရာပေါင်းများစွာတင်သွင်းခဲ့ခြင်းကြောင့် နိုင်ငံတော်အခွန်ဘဏ္ဍာငွေ နစ်နာမှုအတွက် ပြန်လည်စစ်ဆေးကြပ်မတ်ရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဘိုနီ၊ ရမည်းသင်း မဲဆန္ဒနယ်၏ **ရမည်းသင်းဘူတာ ယာဉ်ဝင်းရှိ အသုံးမပြုသော မြေများတွင် ရထားလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသော အဆောက်အဦများ၊ ဌာနအတွက် ဝင်ငွေရရှိနိုင်သော အဆောက်အဦများ၊ လူနေအဆောက်အဦများအစရှိသော စီးပွားရေးလုပ်ငန်းများ စီမံကိန်းချ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးအောင်စိုး၊ လောင်းလုံး မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်–မြိတ်မီးရထားလမ်းကို နိုင်ငံတော်ဘဏ္ဍာငွေ မည်မျှသုံးစွဲခဲ့ပြီး ယင်းစီမံကိန်းကို ယခုအစိုးရလက်ထက်တွင် မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက **"စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၇။ **"စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၈။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသည့် **" စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း"** ကို ဆွေးနွေး၍ ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသည့် **"ပင်စင်အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ရထားပို့ဆောင်ရေးဝန်ကြီးဌာနက တင်သွင်းသည့် **"မော်တော်ယာဉ် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၇၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။